# ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်ပါရှိသည့်—

(က) "တရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်အစား၊ "နိုင်ငံတော်တရားရုံးချုပ်၊"

(ခ) "နိုင်ငံတော်တရားဝန်ကြီးချုပ်" ဆိုသည့် စကားရပ် အစား၊ "နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ်၊"

(ဂ) "တရားလွှတ်တော်ချုပ် တရားဝန်ကြီး" နှင့် "တရားလွှတ်တော် တရားဝန်ကြီး" ဆိုသည့် စကားရပ် အသီးသီး အစား၊ "နိုင်ငံတော် တရားရုံးချုပ်တရားသူကြီး၊"

ဆိုသည့်စကားရပ်တို့ကို ထည့်သွင်းရမည်။

၃။ ။ယခင်စစ်ဘက်အယူခံတရားရုံးတွင် မပြီးပြတ်ဘဲကျန်ရှိ နေသေးသော အယူခံမှုများကို ဤဥပဒေ ပုဒ်မ ၂ ဖြင့် ပြင်ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၂၁၁ အရ၊ ဖွဲ့စည်းသည့် စစ်ဘက်အယူခံတရားရုံးက မိမိ စတင် ကြားနာစစ်ဆေးဘိသကဲ့သို့ ဆက်လက်ကြားနာစစ်ဆေးရမည်။